# သမတအိမ်တော်၊ ရန်ကုန်မြို့
# ၁၉၅၄ ခုနှစ်၊ သရက်မြို့ရှိ ဘိလပ်မြေလုပ်ငန်းကို ပြည်သူပိုင်ပြုလုပ်ခြင်း အက်ဥပဒေ။
**[၁၉၅၄ ခုနှစ်၊ အက်ဥပဒေအမှတ် ၁၈။]**

**၁၃၁၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၁ ရက်။**

**(၁၉၅၄ ခုနှစ်၊ မတ်လ ၃၀ ရက်။)**

[ ပြင်ဆင်: 16.10.1954 ]

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ၊ အောက်ဖေါ်ပြပါ အက်ဥပဒေကို ထုတ်ပြန် ကျေညာသည်။

အောက်ပါအတိုင်းအက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ ။ (၁) ဤအက်ဥပဒေကို **၁၉၅၄ ခုနှစ်၊ သရက်မြို့ရှိ ဘိလပ်မြေလုပ်ငန်းကို ပြည်သူပိုင်ပြုလုပ်ခြင်း အက်ဥပဒေ**ဟုခေါ်ရမည်။

(၂) ဤအက်ဥပဒေသည် နိုင်ငံတော်သမတက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့်နေ့တွင် စတင် အာဏာတည်ရမည်။

၂။ ။ ဤအက်ဥပဒေတွင် အကြောင်းအရာနှင့်ဖြစ်စေ၊ ရှေ့နောက်စကားတို့၏ အဓိပ္ပါယ်နှင့်ဖြစ်စေ မဆန့် ကျင်လျှင် "ကုမ္ပဏီ" ဆိုသည်မှာ ဘားမားစီးမင့်ကုမ္ပဏီလီမိတက်ကို ဆိုလိုသည်။

၃။ ။ နိုင်ငံတော်သမတမှာ အမိန့်ကြော်ငြာစာဖြင့် မိမိသတ်မှတ်သည့်နေ့ရက်တွင် ကုမ္ပဏီဆောင်ရွက်နေ သည့် ဘိလပ်မြေလုပ်ငန်းများကို ကုမ္ပဏီထံမှ နိုင်ငံပိုင် အဖြစ်ဖြင့်လွှဲယူရန် အာဏာရှိရမည်။ ယင်းသို့ လွှဲယူသည့်အခါ အဆိုပါနေ့မှစ၍ ကုမ္ပဏီပိုင် လုပ်ငန်းအရပ်ရပ်နှင့် ကုမ္ပဏီ၏လက်ရှိပစ္စည်းအရပ်ရပ် သည် ၎င်း၊ ကုမ္ပဏီ၏ ရာထမ်းမှုထမ်းအားလုံးသည်၎င်း နိုင်ငံတော်သမတ၏ ကြီးကြပ်အုပ်ချုပ်မှု အောက် သို့ ရောက်လာရမည်။

၄။ ။ ပုဒ်မ ၃ တွင် ရည်ညွှန်းထားသည့်ရာထမ်းမှုထမ်းများအား ကုမ္ပဏီက ပေးသည့်နှုန်းများအတိုင်း လစာနှင့်စရိတ်များပေးလျက်၊ နိုင်ငံတော်သမတ၏ ကြီးကြပ်အုပ်ချုပ်မှုအောက်သို့ ရောက်သည့်နေ့မှစ၍ သုံးလအောက်မနည်းသည့်အချိန်ကာလမျှ နိုင်ငံတော်သမတက မိမိ၏လက်အောက်တွင် ဆက်လက်အမှု ထမ်းစေရမည်။

၅။ ။ (၁) နိုင်ငံတော်သမတသည် ပုဒ်မ ၃ အရ အမိန့်ကြော်ငြာစာဖြင့် မိမိသတ်မှတ်သည့်နေ့ နောက်တလ အတွင်း ဥက္ကဋ္ဌတဦးနှင့် အခြားအဖွဲ့ဝင်နှစ်ဦးပါဝင်သည့် ကော်မရှင်အဖွဲ့တခုကို ခန့်ရမည်။ ထိုကော်မရှင် အဖွဲ့သည် အောက်ပါကိစ္စများကို သတ်မှတ်ဆုံးဖြတ်ရမည်။

(က) ဤအက်ဥပဒေအရ ကုမ္ပဏီထံမှ လွှဲယူသည့်ပစ္စည်းများ၏ အကြောင်းအရာများ။

(ခ) ထိုပစ္စည်းများအတွက် ကုမ္ပဏီကို ပေးသင့်သည့်တရားမျှတသော လျော်ကြေးငွေ၊ နှင့်

(ဂ) လျော်ကြေးပေးမည့်နည်းလမ်းများ။

(၂) ပုဒ်မခွဲ (၁) အရလျော်ကြေးကို သတ်မှတ်ဆုံးဖြတ်ရာတွင် ဤအက်ဥပဒေအရ ကုမ္ပဏီထံမှ လွှဲယူသည့် ပစ္စည်းများ၏ မူလတန်ဘိုး၊ ယင်းသို့လွှဲယူသည့်နေ့အထိ ထိုပစ္စည်းများ ဟောင်းနွမ်း၊ သို့မဟုတ် ပျက်စီးသည့်အတွက်

လျှော့သင့်သောကြေးငွေနှင့် ထိုပစ္စည်းများကို ပြုပြင်သည့်အတွက် ကုန်ကျသည့် စရိတ်၊ သို့တည်းမဟုတ် ပြန်လည်ထူထောင်သည့်အတွက် ကုန်ကျသည့်ကြေးငွေတို့ကို ကော်မရှင်အဖွဲ့က တရားမျှတသည် ထင်မြင်သည့်အတိုင်း ထည့်သွင်းစဉ်းစားရမည်။

၆။ ။ ပုဒ်မ ၅ အရ လျော်ကြေးငွေကို သတ်မှတ်ဆုံးဖြတ်ရာတွင် ကော်မရှင်အဖွဲ့သည် တရားမကျင့်ထုံး ဥပဒေကို၊ သို့တည်းမဟုတ် အခြားတည်ဆဲ ဥပဒေတခုခုကို လိုက်နာရန် မလိုအပ်စေရ။ သို့သော်လည်း ထိုကော်မရှင်အဖွဲ့သည် တရားမျှတစွာ ဆောင်ရွက်ရမည်။

၇။ ။ (၁) ကော်မရှင်အဖွဲ့သည် အောက်ပါကိစ္စများနှင့် စပ်လျဉ်း၍ တရားမကျင့်ထုံး ဥပဒေအရ တရားရုံး အား အပ်နှင်းထားသော အာဏာများရရှိရမည်။

(က) အကြောင်းအရာများကို ဖွင့်လှစ်ထုတ်ဖေါ်စေခြင်းနှင့် ကြည့်ရှုစစ်ဆေးခြင်း။

(ခ) သက်သေများကို လာရောက်စေရန် အတင်းအကြပ်ဆင့်ခေါ်ယူခြင်း၊ သက်သေစရိတ်တင်သွင်း စေရန် ဆင့်ဆိုခြင်း။

(ဂ) စာချုပ်စာတမ်းများကို တင်ပြစေရန် အတင်းအကြပ်ဆင့်ဆိုခြင်း။

(ဃ) သက်သေများကို ကျမ်းသစ္စာဖြင့် စစ်ဆေးခြင်း။

(င) ရွှေ့ဆိုင်းခွင့်ပေးခြင်း။

(စ) ကျမ်းကျိန်လွှာဖြင့် ထွက်ဆိုသော သက်သေထွက်ချက်ကို လက်ခံခြင်း။

(ဆ) သက်သေများကို စစ်ဆေးရန် အာဏာလွှဲအမိန့်များထုတ်ခြင်း။

ထို့မှတပါးကော်မရှင်အဖွဲ့သည်၊ ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၄၈၀ နှင့် ၄၈၂ တို့၏ အဓိပ္ပါယ်အရ တရားမ ရုံးဖြစ်သည်ဟု မှတ်ယူရမည်။

(၂) ကော်မရှင်အဖွဲ့ဝင်များ ထင်မြင်ယူဆချက် ကွဲလွဲသည့်အခါ၊ ထိုကော်မရှင်အဖွဲ့ဝင်များရာ၏ ထင်မြင်ချက်သည် အတည်ဖြစ်ရမည်။

(၃) ကော်မရှင်အဖွဲ့ဝင်တယောက်သည်၊ ကော်မရှင်အဖွဲ့ဝင်အဖြစ်ဖြင့် ဆက်လက်မဆောင်ရွက်နိုင်လျှင်၊ နိုင်ငံတော်သမတသည် ထိုအဖွဲ့ဝင်အစားအခြားသူ တယောက်ကိုခန့်ထားရမည်။ ထိုသူကို ကော်မရှင် အဖွဲ့ စတင်ဖွဲ့စည်းစဉ်ကပင် အဖွဲ့ဝင်အဖြစ် ခန့်ထားဘိသကဲ့သို့ ကော်မရှင်အဖွဲ့သည် မိမိ၏မှုခင်းကိစ္စ များကို ဆက်လက်ဆောင်ရွက်ရမည်။

၈။ ။ ကုမ္ပဏီက သော်၎င်း၊ အစိုးရကသော်၎င်း လျော်ကြေးနှင့်စပ်လျဉ်းသည့် ကော်မရှင်အဖွဲ့၏ ဆုံးဖြတ်ချက်ကို၊ ဥပဒေကြောင်းနှင့်ဖြစ်စေ၊ အမှုချင်းရာနှင့်ဖြစ်စေ တရားလွှတ်တော်ချုပ်သို့ ထိုဆုံးဖြတ်ချက်ချမှတ်သည့် နေ့မှစ၍ ရက်ပေါင်း ၉၀ အတွင်း အယူခံဝင် နိုင်သည်။

<ပြင်ဆင် 16.10.1954>

၉။ ။ ဤအက်ဥပဒေအရ နိုင်ငံပိုင်ပြုလုပ်သည့် လုပ်ငန်းများကို ဆောင်ရွက်ရန်အလို့ငှါ၊ နိုင်ငံတော်သမတ သည်၊ မိမိသင့်လျော်သည်ထင်မြင်လျှင်၊ အမိန့်တရပ်ဖြင့် စည်းမျဉ်းသတ်မှတ်လျက် အဖွဲ့တခုဖွဲ့စည်းနိုင် သည်၊ သို့တည်းမဟုတ် အခြားစီစဉ်မှု ပြုလုပ်နိုင်သည်။

၁၀။ ။ (၁) ဤအက်ဥပဒေနှင့်အညီ သဘောရိုးဖြင့် ပြုလုပ်သည့်၊ သို့တည်းမဟုတ် ပြုလုပ်ရန်ကြံရွယ် သည့် အပြုအမူတခုခုအတွက်၊ မည်သူ့ကိုမျှ တရားမမှု၊ ရာဇဝတ်မှု၊ သို့တည်းမဟုတ် အခြားမှုခင်းစွဲဆို ခြင်း မပြုရ။

(၂) ဤအက်ဥပဒေတွင် အတိအလင်း ပြဋ္ဌာန်းထားသည်မှတပါး၊ ဤအက်ဥပဒေအရ ပြုလုပ်သည့်အပြု အမူအတွက်၊ အစိုးရအား မည်သည့်တရားမမှု၊ သို့တည်းမဟုတ် အခြားမှုခင်းမျှစွဲဆိုခြင်း မပြုရ။

ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ၊ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

ဦးဘဦး၊
နိုင်ငံတော်သမတ၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်။

ရန်ကုန်မြို့၊ ၁၃၁၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၁ ရက်။
(၁၉၅၄ ခုနှစ်၊ မတ်လ ၃၀ ရက်။)

အမိန့်အရ၊
ပါစိန်၊
နိုင်ငံတော်သမတကြီး၏အတွင်းဝန်။
[အမှတ် ၃၀]